**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

**Website:** chinland.org **Email:** cnf.headquarters@gmail.com

## စစ်ကောင်စီမှ Thantlang မြို့နယ် Tlanglo ကျေးရွာအား အကြမ်းဖက်ဗုံးကြဲမှုအပေါ် ထုတ်ပြန်ချက်

ရက်စွဲ။ ။ ဧပြီလ ၂၈ ရက်၊ ၂၀၂၃ ခုနှစ်

၁။ အကြမ်းဖက်စစ်ကောင်စီသည် ချင်းလဲန်၊ Thantlang မြို့နယ် Tlanglo ကျေးရွာအတွင်း ဧပြီလ (၂၇) ရက်နေ့ ညနေ ၃း၂၀ နာရီ အချိန်တွင် Fighter Jet (၁) စီးဖြင့် အကြောင်းမဲ့ ဗုံး (၂) လုံး ကြဲချတိုက်ခိုက်ခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် အသက် (၅၄) အရွယ် အမျိုးသမီးတစ်ဦး( CDM ကျောင်းဆရာမ)နှင့် (၃၈)နှစ်အရွယ်အမျိုးသားတစ်ဦးတို့သေဆုံးခဲ့ပြီး (၅)နှစ်အရွယ်ကလေးငယ်နှင့်(၁၁)နှစ်အရွယ်ကလေးငယ်နှစ်ဦးတို့အပါအဝင် အမျိုးသား (၅) ဦး နှင့် အမျိုးသမီး(၂)ဦး၊ စုစုပေါင်း (၇) ဦး ဒဏ်ရာရခဲ့သည့်အပြင် ဘုရားကျောင်း(၃)ဆောင်နှင့် လူနေအိမ်အလုံး (၃၀) ကျော် ပျက်စီးဆုံးရှုံးခဲ့ရသည်။

၂။ အကြမ်းဖက်စစ်ကောင်စီ၏ အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်ဗုံးကြဲသတ်ဖြတ်သည့် စက်ဆုပ်ဖွယ်လုပ်ရပ်သည် စစ်ရာဇဝတ်မှုကို ကျူးလွန်ချိုးဖောက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်လူဦးရေအနည်းဆုံးဖြစ်သည့် ချင်းလူမျိုးများအပေါ် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းဖြစ်သဖြင့် အပြင်းအထန်ရှုတ်ချသည်။ ဤလုပ်ရပ်သည် နိုင်ငံတကာအဖွဲ့အစည်းများ၏တောင်းဆိုချက်များကို ပြောင်ပြောင်တင်းတင်းလျစ်လျူရှုလိုက်ခြင်းလည်းဖြစ်သည့်အတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ လက်တွေ့ကျသောအရေးယူမှုများ၊ အပြစ်ပေးမှုများပြုလုပ်ကြရန် အလေးအနက်တောင်းဆိုသည်။

၃။ **CNF/A** သည် ချင်းပြည်သူများလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်သည့်အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ချင်းပြည်သူများ၏လုံခြုံရေးအတွက် တတ်စွမ်းသရွေ့ ဆက်လက်ကြိုးစား လုပ်ဆောင်သွားမည်ဖြစ်ပြီး ချင်းလူမျိုးများကို လူမျိုးတုန်းအောင်ရည်ရွယ်သတ်ဖြတ်နေသည့် ဤအကြမ်းဖက်အဖွဲ့အစည်းကို နိုင်ငံရေးခံယူချက်၊ ဦးတည်ချက်တူညီသော ညီနောင်မဟာမိတ်များ၊ NUG အပါအဝင် နွေဦးတော်လှန်ရေး လက်နက်ကိုင်အင်အားစုများနှင့်အတူ ပြည်သူဘက်မှ မားမားမတ်မတ်ရပ်တည်ပြီး အဆုံးတိုင် တိုက်ပွဲဝင်သွားမည်။

၄။ Tlanglo ကျေးရွာအပေါ် အကြမ်းဖက်မှုအတွင်း အသက်ဆုံးပါးခဲ့သည့် အပြစ်မဲ့ပြည်သူများ၊ ဒဏ်ရာရရှိသူများ၊ အိုးအိမ်ပျက်စီးဆုံးရှုံးသူများ၏ မိသားစုများ၊ ရပ်ဆွေရပ်မျိုးများနှင့်ထပ်တူ ဝမ်းနည်းကြောင်း၊ ဘုရားရှင်ထံမှ စိတ်နှလုံးငြိမ်သက်ခြင်း သက်ရောက် ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

သတင်းနှင့်ပြန်ကြားရေးဌာန
**Chin National Front**